ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ စနေနေ့၊ (11-2-2006) (၄၈၆၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အီရန်သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွတ်၊ အာမက်နီဂျက်ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးအားလုံး ညီညီညာညာလက်တွဲကြိုးပမ်း

"ညီညာမှ ပြည်သာမည်" ဆိုသည့် မြန်မာ့ဆိုရိုးစကား တစ်ရပ်ရှိသည်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားလူမျိုး အားလုံး ညီညီညာညာ လက်တွဲကြိုးပမ်းဆောင်ရွက်ကြဖို့လိုသည်၊ အလားတူပင် "စည်းလုံးခြင်းသည်အင်အား" ဆိုသည့် စကားနှင့် အညီ အရာရာကို စွမ်းဆောင်နိုင်သည့် အင်အားရှိစေရေးအတွက် စည်းလုံးညီညွတ်ကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၃၅)
သင်တန်းဆင်းပွဲသြဝါဒမိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မလေးရှားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာရှာဟာရူဒင် ဘင် မိုဟာမက်ဆွမ်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှာဟာရူဒင် ဘင် မိုဟာမက်ဆွမ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၂-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်း အနားကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေးအစီအစဉ်အရ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ စတင်၍ ရန်ကုန် မြို့တော်ခန်းမမှ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု သန်လျင်မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြုတိုက်ကြီးမြို့နယ်တို့သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်လျက်ရှိသည်။ ပြည်ထောင်စုအလံတော်သယ်ဆောင်ရာ လမ်းတစ်လျှောက်မှ ပြည်သူထောင်ပေါင်းများစွာတို့က သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုလျက်ရှိကြသည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကျင်းပမည့် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန်အတွက် ရန်ကုန်မြို့သို့ သိုက်သိုက်ဝန်းဝန်း ရောက်ရှိနေကြပြီဖြစ်သည်။

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဖေဖော်ဝါရီလ ၉ ရက်နေ့က ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် **ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှ အရေးပါသည်ဆိုသည်ကို စွဲမြဲစွာယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးကစ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ မိမိတို့ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါ** ဟူ၍ တိုက်တွန်း မှာကြားသွားသည်။

မြန်မာနိုင်ငံတော် သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာတည်ဆောက်နိုင်ခဲ့သည့် အချိန်ကာလများတွင် မြန်မာနိုင်ငံသည် အာရှဒေသတစ်ခွင်၌ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝဖြင့် မျိုးရိုးဂုဏ်ရှိန်ထည်ဝါမြင့်မားစွာ ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ကုန်းဘောင်မင်းဆက်များလက်ထက်တွင်မူ ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုများကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားကာ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအကျိုးဆက်ကြောင့်ပင် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရခြင်းဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့က တိုင်းရင်းသားအချင်းချင်း သံသယစိတ်ဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားစေရန် နည်းမျိုးစုံဖြင့် သွေးထိုးလုပ်ကြံဖန်တီးခဲ့ကြသည်။ တိုင်းရင်းသားများ၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်နှင့် နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်များကို မှေးမှိန်သေးသိမ်စေရန် ကြံရွယ်ဖျက်ဆီးခဲ့ကြသည်။ ပြည်မနှင့်တောင်တန်းဒေသကို သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။

သို့ရာတွင် အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပြသသည့် ညီလာခံကြီးကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ ဆက်လက်၍ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတို့က နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူတကွ ရင်းနှီးချစ်ကြည်ပေါင်းစည်းယှက်နွှယ်နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပပုံများကို ဖေဖော်ဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကတိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အီရန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မန်နော့ချ် မိုတာကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း၌ (၈၁) ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များ ဖေဖော်ဝါရီ ၁၈ရက်(စနေနေ့)နံနက် ၇နာရီမှစ၍ အသင်းချုပ်သို့ ကိုယ်တိုင်ကြွရောက်ကာ အသိအမှတ်ပြုကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ပြီး အာဟာရကုသိုလ် အမှတ်တရပစ္စည်း ပေးရန်အတွက် အလှူငွေများနှင့် ပစ္စည်းများကို ဖုန်း-၃၇၀၉၅၈ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

ဖေဖော်ဝါရီ ၁၀ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာရှာဟာရူဒင်ဘင်မိုဟာမက်ဆွမ်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေ မန်နေဂျာများနှင့် ပြည်နယ်နှင့်တိုင်းတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်း တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ဇန်နဝါရီ ၂၂ရက်က ကျင်းပရာ အသင်းနာယက ဦးမင်းကြည်က သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ တိုင်းရင်းဆေးသမားတော်ကြီး ဦးရွှေမြအား ဂုဏ်ပြုဆုနှင့်မှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ပြည်ထောင်စုအလံတော် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မြောက်ပိုင်းခရိုင်သို့ ဆက်လက်သယ်ဆောင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိ ငွေဖလား၌ အလံတော်အားစိုက်ထူအလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် သယ်ယူရေးအစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာ ရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုအလံတော်ကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ပြည်ထောင်စုအလံတော်အား ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ အမှတ်(၁၁) ခြေမြန် တပ်မဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။ ထို့နောက် နံနက် ၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်က ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း) အားကစားကွင်းမုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး အထူးတန်းပွဲကြည့်စင်ရှေ့အရောက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်လဲ့လဲ့ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းသို့ အလံတော်သယ်ယူရေးအဖွဲ့များက လက်ဆင့်ကမ်းသယ်ဆောင်လာစဉ်။ (သတင်းစဉ်)

မောင်မောင်ရိန်က တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလိုက်ပါ၍ သယ်ဆောင်လာပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းမုခ်ဦးအရောက်၌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ တိုက်ကြီးမြို့နယ်သို့ ပုလဲရတနာလမ်း၊ ပြည်ထောင်စုလမ်း၊ ဒဂုံမြို့သစ်တောင်/မြောက်လမ်းဆုံမှ တစ်ဆင့် ပြည်ထောင်စုလမ်း၊ ဗိုလ်မှူးဗထူးလမ်း၊ စက်မှုလမ်း၊ ဒဂုံမြို့သစ်တံတားကို ဖြတ်သန်းပြီး ခေမာသီလမ်း၊ သုခမ္မာလမ်း၊ အမှတ်(၃)လမ်းမကြီး၊ ခရေပင်လမ်းမှ ရန်ကုန်–ပြည်လမ်းအတိုင်း သယ်ဆောင်ကြသည်။

ပြည်ထောင်စုအလံတော် ဖြတ်သန်းသယ်ဆောင်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အခြေခံ

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း တိုက်ကြီးမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်းအတွင်း သတ်မှတ်လမ်းကြောင်း အတိုင်း သယ်ဆောင်လာကြပြီး (၅၉)နှစ်မြောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုနေ့ကျင်းပရေး ဦးစီးကော်မတီ ကွပ်ကဲရေးမဏ္ဍပ်ရှေ့အရောက်၌ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်ထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး

ပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ထောင်ပေါင်း များစွာသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင် ပြည်ထောင်စု အလံငယ်များအား ဝှေ့ရမ်း၍လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကများဖြင့် လည်းကောင်း၊ စည်တော်ရွမ်း၍ လည်းကောင်း၊ ပြည်ထောင်စုအလံတော်သယ်ဆောင်ရာ လမ်းတစ်လျှောက် ဝဲ/ယာ တစ်ဖက် တစ်ချက်၌ နိုင်ငံတော် အလံများလွှင့်ထူ၍လည်းကောင်း၊ ရောင်စုံအလံများစိုက်ထူ၍ လည်းကောင်း၊ "(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် အား လှိုက်လှဲစွာကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်ကြိုဆိုရေး စာတန်းများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပြည်ထောင်စုအလံတော်ကို ခမ်းနားထည်ဝါစွာ သယ်ဆောင်လာသော ပြည်ထောင်စုလှေသည် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်ရှိ ကြိုဆိုရေးမုခ်ဦးသို့ ရောက်ရှိလာရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲ အရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ လိုက်ပါလျက် သယ်ဆောင်လာကာ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ထန်းတပင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ရီ ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်သာယာမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရွှေပြည်သာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညို ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ တိုက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သိမ်းသိမ်းဖြူ ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်အေး ခေါင်းဆောင် သော အလံတော်သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ် ဆင်စခန်း(၂)ကျေးရွာ မူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်နိုင်နိုင်မော် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ခွဲ(၁) တပ်ခွဲမှူးဇော်ထွန်း ခေါင်းဆောင်သောအလံတော် သယ်ယူ ရေးအဖွဲ့၊ တိုက်ကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူး ဝဏ္ဏ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့နယ် ဥက္ကံ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်သီတာလွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်သယ်ယူပို့ဆောင်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ မြို့နယ်စာရင်းရုံးမှ စာရင်းစစ်မှူး ဦးရွှေထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဥက္ကံအရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ကြပ် ဖုန်းနိုင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်လတ်လတ်ချောဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးဌာနမှူး ဦးကြည်သန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးစိန်နွယ် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တိုက်ကြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမေနီနီငြိမ်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ တိုက်ကြီးမြို့ ဘူတာရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းညွှန့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးစိန်လှမောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးစိုးတင့်ခေါင်းဆောင် သော အလံတော်သယ်ယူရေးအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(အငြိမ်းစား)ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုအလံတော်ကို ရန်ကုန်–ပြည်လမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာကြပြီး ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း ကြိုဆိုရေးမုခ်ဦး အရောက်၌ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါကာ ဂျိုးဖြူအားကစားကွင်းအတွင်း သတ်မှတ် လမ်းကြောင်းအတိုင်း သယ်ဆောင်လာရာ မင်္ဂလာစည်တော် အဖွဲ့က စည်တော်ရွမ်း၍ဂုဏ်ပြုသည့်အပြင် ဂျိုးဖြူအားကစား ကွင်းအတွင်း အသင့်နေရာယူထားကြသော ပြည်သူများက လည်း ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည်။

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း က ပြည်ထောင်စုအလံတော်ကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိငွေဖလား ၌စိုက်ထူလိုက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူ လူထုကြီးက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ရန်ကုန် တိုင်း စစ်ဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူ အားကစားပြိုင်ကွင်း၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင် စုအလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် တိုက်ကြီးမြို့နယ် အတွင်းရှိ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လာရောက် အလေးပြုကြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် သယ်ယူ ရေးအစီအစဉ်အရ ပြည်ထောင်စုအလံတော် တစ်ညတာ ညအိပ်ရပ်နားရာ တိုက်ကြီးမြို့နယ် ဂျိုးဖြူ အားကစားပြိုင်ကွင်း၌ ဝန်ကြီးဌာနများမှ ပညာပေးပြခန်းများ၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်တို့မှ စက်မှုဇုန်များ၊ အရောင်းပြခန်းများ ဖွင့်လှစ်ပြသထားရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်မင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်း တွင် လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန် ဗြိတိန်နိုင်ငံကို ဗင်နီဇွဲလားသမ္မတ သတိပေး

ကာရာကတ်စ်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၉

ဗင်နီဇွဲလားနိုင်ငံသည် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ကျင့်သုံးနေထိုင်သင့်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ဝေဖန်ပြောကြားခဲ့ပြီးနောက် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တိုနီဘလဲကို ဝင်ရောက်မစွက်ဖက်ရန် ဗုဒ္ဓဟူးနေ့က သတိပေးလိုက်သည်။

သမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်ကို အဒေါ့ဖ်ဟစ်တလာနှင့် နှိုင်းယှဉ်ပြောကြားပြီး ဝန်ကြီးချုပ် တိုနီဘလဲသည် သိက္ခာမရှိ အရှက်ကင်းမဲ့စွာဖြင့် အမေရိကန်အစိုးရ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနေသူ တစ်ဦးဖြစ်သည်ဟု စွပ်စွဲပြောကြားလိုက်သည်။

တိုနီဘလဲကဲ့သို့ သိက္ခာမရှိသူတစ်ဦးအနေဖြင့် တစ်စုံတစ်ယောက်သောသူကို ဝေဖန်မှုမပြုသင့်ကြောင်း၊ ဝင်ရောက်စွက်ဖက်မှု မလုပ်သင့်ကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို နယ်ချဲ့ဝါဒနှင့် ကိုလိုနီနယ်ချဲ့လက်အောက် ယခုတိုင်ရောက်ရှိနေသည့်နိုင်ငံဟု ယုံကြည်နေပါသလား စသည်ဖြင့် ချာဗက်ဇ်က မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

တောင်အမေရိကနှင့် မြောက်အမေရိကဒေသအတွင်းရှိ နိုင်ငံများ၏ ရည်မှန်းချက်မှာ အများအားဖြင့် တူညီကြကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီနည်းနာများ ဖော်ဆောင်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အောင်မြင်မှုရရှိစေရန် ဆောင်ရွက်နိုင်ကြကြောင်း၊ ယင်းအချက်သည် အရေးကြီးဆုံး အချက်ဖြစ်ကြောင်း ဘလဲက ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ပုတ်ခတ်နေသည့် အမေရိကန်အစိုးရနှင့် တစ်ပုံစံတည်းဖြစ်စေရန် တိုနီဘလဲက ကြိုးပမ်းနေခြင်းသာ ဖြစ်သည်ဟု သမ္မတ ချာဗက်ဇ်က ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယာဉ်များအား စစ်ဆေးနေသည့် အပေါင်းပါတပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုမြို့တော်ရှိ ရာရီတန်ဟိုတယ်ကို အာဏာပိုင်များက ပိတ်ပစ်ဖွယ်ရှိ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၉

ကျူးဘားနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များကို အမေရိကန်အစိုးရအမိန့်ဖြင့် နှင်ထုတ်ခဲ့သည့် အမေရိကန်ပိုင် ရာရီတန်ဟိုတယ်ကို မက္ကဆီကိုစီးတီးအာဏာပိုင်များက ပိတ်ပင်ဖွယ်ရှိကြောင်း၊ ယင်းလုပ်ရပ်ကြောင့် မက္ကဆီကို နိုင်ငံသူ၊ နိုင်ငံသားများက ဒေါသဖြစ်နေကြပြီး နိုင်ငံ၏အချုပ်အခြာအာဏာ ထိပါးခံရသည့်ဖြစ်ရပ်အဖြစ် ပြောကြားကြကြောင်း ရိုက်တာသတင်းက ဆိုသည်။

ကျူးဘား တာဝန်ရှိပုဂ္ဂိုလ်များကို နှင်ထုတ်ခဲ့ပြီးသည့်နောက် မြူနီစပါယ်ဌာနမှ စစ်ဆေးသူများက ယင်းဟိုတယ်သို့ လာရောက်စစ်ဆေးရာ ဒေသန္တရလုံခြုံရေးဥပဒေနှင့် လုပ်ငန်းလိုင်စင်ဥပဒေတို့ကို ချိုးဖောက်နေသည်ကို တွေ့ရှိသည်ဟု ခရိုင်အကြီးအကဲဂျာရာမီလိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယင်းဟိုတယ်ကို မကြာမီအတွင်း ပိတ်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝင်ရောက်စွက်ဖက်

အမေရိကန်က မက္ကဆီကိုနိုင်ငံ၏ ဖြစ်ရပ်တစ်ခုတွင် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟုဆိုကာ မက္ကဆီကို တာဝန်ရှိပုဂ္ဂိုလ်များက ဒေါသတကြီးဖြစ်လျက်ရှိသည်။

အဆိုပါ ဟိုတယ် တာဝန်ရှိသူများသည် မက္ကဆီကိုနိုင်ငံ၏ ဥပဒေကို ချိုးဖောက်ခဲ့ပါက အမေရိကန်ဒေါ်လာ ၄၇၅၀၀၀ ဒဏ်ငွေ အတပ်ခံရမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဒါဘက်ဇ်က ပြောကြားသည်။

ယင်းဟိုတယ်သည် ခွင့်ပြုချက်မရဘဲ ဆောက်လုပ်မှုများပြုလုပ်ခဲ့ပြီး လိုင်စင်ယူမထားဘဲ ဖွင့်ထားသည့် အရက်ဆိုင်နှစ်ဆိုင်ရှိကြောင်း ဂျာရာမီလိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်နျူကလီးယားပြဿနာဖြေရှင်းရေး နည်းလမ်းရှာနိုင်မည်ဟု ရုရှားမျှော်လင့်

မော်စကို ဖေဖော်ဝါရီ ၉

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရန် ဆုံးဖြတ်ခဲ့မှုသည် မျှတမှုရှိသည်ဟု မိမိသုံးသပ်မိပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အီရန်သို့ ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မတင်ပြရသေးကြောင်း၊ အီရန်နိုင်ငံ၏ပြဿနာကို ပူးတွဲဆောင်ရွက်ရန် လုံခြုံရေးကောင်စီသို့ အကြောင်းကြားသည့်ကိစ္စသာဖြစ်ကြောင်း၊ ယင်းပြဿနာသည် အရေးပါသည့် သဘောထားကွဲလွဲမှုဖြစ်ကြောင်း စသည်ဖြင့် ပူတင်ကိုကိုးကား၍ အီတာ-တာ့စ်သတင်းဌာနက ဖော်ပြသည်။ မိမိ၏သဘောအရဆိုပါက ယင်းပြဿနာဖြေရှင်းရေးအတွက် နည်းလမ်းများစွာကို ဆက်လက်ရှာဖွေနိုင်မည်ဟု မိမိထင်မြင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားက ဥရောပသမဂ္ဂ(အီးယူ) သုံးပွင့်ဆိုင်အဖွဲ့နှင့် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အီရန်နိုင်ငံကို ယင်းဆုံးဖြတ်ချက်၏ အနှစ်သာရနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည်ဟု ပူတင်က ပြောကြားသည်။ အီရန်က ပထမဆုံးသော နျူကလီးယားလျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်လုံး ဆောက်လုပ်ရာတွင် ရုရှားက အကူအညီပေးခဲ့ပြီး ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ရုရှားနယ်မြေအတွင်း ဖက်စပ်ဆောင်ရွက်ရန် အီရန်ကို ရုရှားက အဆိုပြုထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံတောင်ပိုင်း မြူးနစ်မြို့ရှိ ကုန်တိုက်ကြီးတစ်ခုတွင် ခေါင်မိုးကျွံကျမှုကြောင့် ဆိုင်အတွင်း ပျက်စီးနေသည်ကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု ဗြိတိန်တွင် တင်းကျပ်စွာ ကန့်သတ်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၉

ဗြိတိန်နိုင်ငံတွင် ၂၀၀၈-၂၀၁၂ ခုနှစ်အတွင်း စက်မှုလုပ်ငန်းမှ ကမ္ဘာမြေ၏ အပူချိန်ကို မြင့်မားစေသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို တင်းကျပ်စွာ ကန့်သတ်မည်ဟု မျှော်လင့်ရကြောင်း အစိုးရ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရာသီဥတု ပြောင်းလဲမှုပြဿနာနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အပံ့ ဖြစ်စေရန်အတွက် လေထုညစ်ညမ်းမှုကို ပြည်တွင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ် ကန့်သတ်ချက်ကို အစိုးရက တင်းကျပ်ရန် စီစဉ်လျက်ရှိသည်။ ဗြိတိန်ကကျိုတိုစာချုပ်ပါ ရည်မှန်းချက်များ ဖြည့်ဆည်းရန် လိုက်နာဆောင်ရွက်လျက်ရှိသည်။

ဗြိတိန်ရှိ စက်ရုံအလုပ်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၀၀၀ တို့တွင် ယင်းသို့ ကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်သည်။

၂၀၀၅-၂၀၀၇ ခုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၈-၂၀၁၂ ခုနှစ်အတွင်း ပိုမိုတင်းကျပ်မှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဌာနမှ အကြီးအကဲ ချားရစ်လေးက ပြောကြားသည်။

ဗြိတိန်အစိုးရက ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်သတ်မှတ်မှုဆိုင်ရာ မူကြမ်းတစ်ရပ်ကို မတ်လအတွင်း ထုတ်ပြန်နိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

လေတပ်စခန်း ငှားရမ်းခွင့်သဘောတူညီချက် အီကွေဒိုနိုင်ငံက သက်တမ်းတိုးဖွယ်မရှိ

ကွီတို(အီကွေဒို) ဖေဖော်ဝါရီ ၉

အီကွေဒိုနိုင်ငံသို့ အမေရိကန်စစ်ဘက်တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုနှင့် ပတ်သက်၍ ပြည်တွင်း၌ ဆန့်ကျင်မှုသဘောထားများ မြင့်မားနေခြင်းကြောင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် လေတပ်အခြေစိုက်စခန်း သုံးစွဲခွင့်ပြုထားသည့် သဘောတူညီချက်ကို သက်တမ်း တိုးမြှင့်နိုင်ဖွယ်မရှိတော့ကြောင်း နိုင်ငံခြားဆက်ဆံရေး ဒုတိယဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီကွေဒိုနိုင်ငံရှိ အဓိကပါတီများက ကန့်ကွက်နေမှုကြောင့် မန်တာစစ်ဘက်အခြေစိုက်စခန်းအသုံးပြုရန် သဘောတူညီချက်ကို ၂၀၀၉ ခုနှစ်ကျော်လွန်၍ သက်တမ်း တိုးမြှင့်ရေးအတွက် အတည်ပြု လက်မှတ်ထိုးပေးနိုင်ဖွယ်မရှိဟု ဒုတိယဝန်ကြီး ဒီဂိုရီဘာဒီနီရီယာက ရုပ်မြင်သံကြား အစီအစဉ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ကွီတိုမြို့အနောက်တောင်ဘက် ၁၆၁ မိုင်အကွာရှိ မန်တာလေတပ်အခြေစိုက်စခန်းကို မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် အသုံးပြုရန် အမေရိကန်ကို ၁၉၉၃ ခုနှစ်နောက်ပိုင်းမှစ၍ ငှားရမ်းခဲ့ခြင်းဖြစ်သည်။ သဘောတူညီချက်သက်တမ်းသည် ကုန်ဆုံးတော့မည်ဖြစ်ရာ ၂၀၀၉ ခုနှစ်တွင် သက်တမ်းတိုးမြှင့်ပေးရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်သည့် ကိုကင်းမူးယစ်ဆေးဝါးသည် ယင်းနိုင်ငံမှ အများဆုံးရောက်ရှိလာခြင်းဖြစ်သည်။ သို့ရာတွင် ယင်းသဘောတူညီချက်ကြောင့် အီကွေဒိုနိုင်ငံ၏ အချုပ်အခြာအာဏာထိပါး ပျက်စီးစေသည်ဟု ယင်းနိုင်ငံသားများက ပြောကြားနေကြသည်။ အမေရိကန်အစိုးရက ယင်းဒေသရှိလေဆိပ်အတွက် အမေရိကန်ဒေါ်လာ ၆၇ သန်းသုံးစွဲခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံက ပြည်ပမှရေနံအပေါ် အစဉ်မှီခိုနေရမည်ဟု အက်ဇွန်မိုဘိုင်းကုမ္ပဏီ ပြောကြား

ဟူစတန် ဖေဖော်ဝါရီ ၉

အမေရိကန်နိုင်ငံ၏ စွမ်းအင်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ပ နိုင်ငံများမှ ရေနံဝယ်ယူတင်သွင်းမှုအပေါ် အစဉ်မှီခိုနေရမည်သာဖြစ်ပြီး စွမ်းအင်အမှီခိုကင်းသည့် နိုင်ငံဖြစ်လာစေရန် ကြိုးပမ်းမှုကို ရပ်ဆိုင်းသင့်ကြောင်းဖြင့် အက်ဇွန်မိုဘိုင်းကော်ပိုရေးရှင်မှ ထိပ်တန်းအမှုဆောင်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အမှန်တကယ်အားဖြင့်ဆိုပါက ယင်းကိစ္စသည် မိမိတို့ ယနေ့ဆွေးနွေးနေသည့် ပြဿနာနှင့် ဆီလျော်မှုမရှိသေးကြောင်း စသည်ဖြင့် အမေရိကန်နိုင်ငံက စွမ်းအင် အမှီခိုကင်းစေရန် ဆောင်ရွက်နိုင်သည်ဟူသော မှားယွင်းသည့် အယူအဆကို ရည်ညွှန်းကာ ဖော်ပြပါကော်ပိုရေးရှင်းမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ စတူးဝပ်မက်ဂီလ်က ပြောကြားသည်။

အမေရိကန်နိုင်ငံက အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်သွင်းမှုကို မှီခိုနေရပြီး ယင်းအစဉ်အလာကို စွန့်လွှတ်ပစ်ရန် မိမိကတိကဝတ်ပြုကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက် ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားမှု ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



☆ **ကျောဖုံးမှ**

မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ လွိုင်လင်ခရိုင်အတွင်းရှိ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ထူးမခြားနားရောင်ခြည်တော်ဘွဲ့သီချင်းခန့်ဖြင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ငှက်မြတ်နားတော်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီဆိုပူဇော်ကာ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရာနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိန်ဖူးတော်၊ စေတိယ၊ စေတိယသမ္မာရ၊ စေတိယပရိဝါရ၊ စေတိယင်္ဂဏ၊ စေတိယပါကာရ၊ စေတိယသမ္ဗဒ္ဓ၊ စေတိယဝတ္ထုကံမြေများနှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ငှက်ပျောဖူးတော်၊ ရွှေကြာသင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တဩဿဓာဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူရာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စေတီတော်တည်ဆောက်သည့် ဗိသုကာပညာရှင်များကိုယ်စား ဗိသုကာပညာရှင်ဦးတင့်လွင်အား လက်ဆောင်ပစ္စည်းများ ချီးမြှင့်သည်။

ဆက်လက်၍ ဗိသုကာပညာရှင်များကိုယ်စား ဗိသုကာပညာရှင်ဦးတင့်လွင်က မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အား မူလဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၏ စိန်ဖူးတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် စေတီတော်တည်ဆောက်ရာတွင် မပြည့်စုံမှုများယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်လွှာကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

စိန်ဖူးတော်ပင့်ဆောင်

ယင်းနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အား လှည့်လည်ပူဇော်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိန်ဖူးတော်ကို ပင့်ဆောင်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကိုလည်းကောင်း ပင့်ဆောင်ပေးကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများသည် အရံစေတီရှစ်ဆူ၏ စိန်ဖူးတော်နှင့် ထီးတော်များကို ပင့်ဆောင်ကြသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ သာသနာ့အောင်လံတော်၊ ရွှေကြာသင်္ကန်းတော်စသည်တို့ကို သာသနာ့အလံကိုင် အဖွဲ့များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်၍ ထီးတော်တင် မင်္ဂလာမဏ္ဍပ်သို့ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး ရွှေကြာသင်္ကန်းတော်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဉာဏ်တော်အမြင့် ၁၃၅ ပေရှိ ရွှေတိဂုံစေတီတော်ပုံတူ မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည်စိန်ဖူးတော်ကို အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ပေးကြပြီး စေတီတော်အထွတ်တွင်သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်၍ ငှက်ပျောဖူးတွင် ရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှတ်ဆိုပူဇော်

စိန်ဖူးတော်တင်လှူ ပူဇော်ပြီးသည်နှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်နှစ်ပုဒ်ကို သုံးကြိမ်ရွှတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွှတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။

ရွှေကြာသင်္ကန်းနှင့် မြသပိတ်ကပ်လှူ

ယင်းနောက် စေတီတော်ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းတော်နှင့် မြသပိတ်ကပ်လှူခြင်းအစီအစဉ်ကိုကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ မြသပိတ်များကို ဆက်လက် ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းနှင့် မြသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော သံဃာတော် ၁၀၈ပါးတို့က မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

✧ စာမျက်နှာ ၅ မှ

ပင့်ဆောင်ချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က ဓမ္မပူဇာတေးများဖြင့် သီဆိုပူဇော်ကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများသည် ငှက်မြတ်နားတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

ယင်းအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့နှင့်အတူ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက ဓမ္မတေးများကို သီဆိုပူဇော်သည်။ ဆက်လက်၍ အခမ်းအနားမှူးက မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၈နာရီခွဲတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် ငှက်မြတ်နားတော်ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများသည် စေတီတော်အထွတ်၌ အသင့်တင် ပြင်ဆင်ထားပြီးဖြစ်သည့် ရွှေထီးတော်ဘုံဆင့်များကို တပ်ဆင်တင်လှူပူဇော်ပေးကြသည်။

တစ်ချိန်တည်းမှာပင် အရံစေတီထီးတော်များကို ရတနာပန်းတောင်းဖြင့် ပထမအကြိမ် ပင့်ဆောင်တင်လှူကြသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဆရာတော်သံဃာများအား ဂန္ဓကုဋီတိုက်အတွင်း၌ ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

စိန်ဖူးတော်ပင့်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဏ္ဍာဘိသာမဂ္ဂီစေတီအား ပူဇော်ရန် စိန်ဖူးတော်ကို လှည့်လည် ပင့်ဆောင်စဉ်။
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်္ဂလာရထားပျံဖြင့် စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြပြီး ယင်းအချိန်နှင့် တစ်ပြိုင်တည်းမှာပင် ငှက်မြတ်နားတော်ကို တပ်ဆင်ပူဇော်ခြင်း၊ အရံစေတီထီးတော်များကို ရတနာပန်းတောင်းဖြင့် ဒုတိယအကြိမ် ပင့်ဆောင်တင်လှူခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

တက်ရောက်နေရာယူ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံဖြင့် တင်လှူပြီးနောက် စေတီတော်အထွတ်သို့ တက်ရောက်နေရာယူကြသည်။

ထို့နောက် သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများသည် မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာများပက်ဖျန်းကာ စေတီတော်အထွတ်သို့ တင်လှူပေးကြသည်။

ထိုအချိန်နှင့်တစ်ပြိုင်တည်းတွင် စေတီတော်အထွတ်သို့ ကြိုတင်ရောက်ရှိနေကြသည့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် စိန်ဖူးတော်ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

တစ်ချိန်တည်းမှာပင် အရံစေတီ ရှစ်ဆူ၏ ထီးတော်များကို အရံစေတီများ၏ အထွတ်တွင် တာဝန်ရှိသူများက တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည်က အမျှဝေစာတမ်းကို ဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများသည် စေတီတော် ရင်ပြင်ပတ်လည်၌ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ဆွမ်းဆန်စိမ်းလောင်းလှူပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား ဂန္ဓကုဋီတိုက်အတွင်း၌ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မဟာရဏ္ဍာဘိသာမဂ္ဂီစေတီတော် ဓာတ်တော်တိုက်၌ ဓာတ်တော်များ ထည့်သွင်းပူဇော်ခြင်း၊ တံခွန်တိုင် ဖွင့်လှစ်ခြင်းနှင့် ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွှတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရှမ်းပြည်နယ် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဓာတ်တော်များထည့်သွင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်တော်များကို ဓာတ်တော်ကြုတ်အတွင်းသို့ ထည့်သွင်းပူဇော်ပေးသည်။

ထိုအချိန်တွင် အခမ်းအနားမှူး ဦးစံသင်းလှိုင်က သက္ကတွာသုံးဂါထာကို ရွတ်ဆိုပူဇော်သည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၆ မှ

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဓာတ်တော်ကြုတ်ကို ဓာတ်တော်တိုက်၌ ထည့်သွင်းပူဇော်ပေးသည်။

ဓာတ်တော်ကြုတ်ကို ဓာတ်တော်တိုက်၌ ထည့်သွင်းပူဇော်အပြီးတွင် ဇယန္တောဘောဓိယာမုလေ အစရှိသော အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စေတီတော်အတွက် လှူဒါန်းသည့် ဦးစိုးထွန်းရှိန် အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၏ အလှူငွေကျပ်သိန်း ၉၀၊ ဦးဇော်လေး Fisheries & Marine Products 2000 Ltd. ၏ အလှူငွေကျပ်သိန်း ၅၀၊ ဦးသန်းညွန့် မင်းဧရာကုမ္ပဏီလီမိတက်၏ အလှူငွေကျပ် ၁၀သိန်း၊ ဦးမျိုးအောင် စန်းမြန်မာကုမ္ပဏီလီမိတက်၏ အလှူငွေကျပ် ၁၀သိန်း၊ ဒေါက်တာဒေါ်အေးအေး ချိန်ကောင်းကုမ္ပဏီလီမိတက်၏ အလှူငွေကျပ် ၁၀သိန်း၊ ဦးစိုးနိုင်–ဒေါ်တင်တင်ရီ မိသားစု၏ အလှူငွေကျပ် ၁၀သိန်း၊ ဦးကျော်နိုင်–ဒေါ်မြင့်မြင့်သန်း မိသားစု၏ အလှူငွေကျပ် ၁၀သိန်း၊ ဦးထွန်းဝင်း(ခေါ်) ဦးအာဝါး မိသားစု၏ အလှူငွေကျပ် ၁၀သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း၂၀၀ကိုအလှူရှင်များကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စေတီတော်ရင်ပြင်ရှိ တံခွန်တိုင်ဖွင့်လှစ်ခြင်း အစီအစဉ်ကိုကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက တံခွန်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်၏ အရှေ့တောင်ထောင့်အရပ်၌ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးပြီး ရေစင်ရေကောင်းများ၊ မြေဆီဩဇာများနှင့် အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်သည်။

ထိုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့သည် စေတီတော်၏ အရှေ့မြောက်ထောင့်အရပ်၌ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးကြသည်။

ဗောဓိပင်စိုက်ပျိုးပူဇော်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပင်လုံမြို့ မင်္ဂလာမွေတော်စာသင်တိုက်နှင့် ပိဋကတ်တိုက်တို့၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မှာ ဉာဏ်တော်အမြင့် ၁၃၅ပေရှိသည့် ရွှေတိဂုံပုံတူစေတီတော်ဖြစ်ပြီး ပေ ၅၀မြင့်သည့် သံကူကွန်ကရစ် အတွင်းလိုဏ်ပုံစံဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ စေတီတော်ကို အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဓာတ်တော်များကို ဓာတ်တော်ကြုတ်အတွင်းသို့ ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

တံခွန်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရင်ပြင်ရှိ တံခွန်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် စည်းရုံးရေးအခြေခံသင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော စည်းရုံးရေးအခြေခံ သင်တန်း အမှတ်စဉ် (၂၄/၂၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၀ရက်က (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာ့စက်ဘီးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာပြည်အနှံ့ စက်ဘီးစီးနင်းခဲ့သော ဦးမျိုးမြင့်အား ဂုဏ်ပြုအားကစားဝတ်စုံနှင့် ဆုငွေပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ဆွမ်းလောင်းအသင်း ဆွမ်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဈ/၃၃/၁၀ ရပ်ကွက် စနေပတ် သံဃာ့ဒါန ဆွမ်းလောင်း အသင်းကြီး၏ (၁၅)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲကြီး၏ တရားပွဲများကို ရတနာသီရိလမ်းနှင့် သာစည်လမ်းထောင့်ခမ်းမှာရုံ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ညစဉ် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဦးဝိသုတ (မုံရွာ) နယ်လှည့်ဓမ္မကထိက၊ ၁၇ ရက်တွင် အရှင်နာဂဝံသ (ကော့မှူး)မိုးကုတ်ဝိပဿနာ၊ ၁၈ ရက်တွင် အရှင်ကဝိန္ဒ နယ်လှည့်ဓမ္မကထိက၊ ၁၉ ရက်တွင် အရှင်တိက္ခာစာရ မဟာသဒ္ဓမ္မဇောတိက ဓဇ အောင်သိဒ္ဓိဆရာတော်(သမိုင်း)၊ ၂၀ ရက်တွင် ဦးဝိလာသ (ငါးဖယ်) မိုးကုတ်ဝိပဿနာ၊ ၂၁ ရက်နှင့် ၂၂ ရက်တွင် နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၅ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းခမ်းမှာရုံ၌ကျင်းပရာ အသင်းနာယက ဦးသောင်းစိန်က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ပထမရရှိသူ မသန္တာအောင်အား ပညာရည်ချွန်ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်း ချီးမြှင့်စဉ်။ (က–ပ)

ထူးခြားသည့် ညအပူချိန်များ

(၁၀–၂–၂၀၀၆)

ဟားခါး	၄ ဒီဂရီစင်တီဂရိတ်
မိုးကုတ်နှင့် ပြင်ဦးလွင်	၅ ဒီဂရီစင်တီဂရိတ်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းအစဉ်အလာကောင်းများဖြစ်ထွန်းခဲ့သော ပြည်ထောင်စုစိတ်ဓာတ်

မောင်မောင်မြင့်ဆွေ

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာတို့အားစိတ်ဝမ်းကွဲပြားအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေကြသည့်ကြားမှ ခက်ခက်ခဲခဲရယူခဲ့ရသည့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို မှတ်ကျောက်အသွင် ပီပီပြင်ပြင် ဖော်ထုတ်ပြသနိုင်ခဲ့သောနေ့ဖြစ်သည်။ ထိုနေ့မှစတင်၍ ရေတွက်သော် ယခုလာမည့် ဖေဖော်ဝါရီ ၁၂ရက်၌(၅၉)နှစ်ပြည့်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်နယ်၊ ပြည်မ တောင်တန်းဒေသအသီးသီးရှိ တိုင်းရင်းသားကိုယ်စားလှယ်တို့ ပင်လုံမြို့၌ တိုင်းရင်းသားညီအစ်ကိုအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြောင်း ပြသနိုင်ခဲ့သဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပေသည်။

တိုင်းရင်းသားညီအစ်ကိုများ တစုတစည်းတည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်ကြောင်း သမိုင်းကြောင်းက သက်သေထင်ရှားပြသနိုင်ခဲ့သည်။ မြန်မာ့သမိုင်းတွင် ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်အဖြစ် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်များကို ထူထောင်ခဲ့ကြရာတွင် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို အခြေခံခဲ့ကြောင်း တွေ့ကြရမည်ဖြစ်သည်။

ထိုခေတ်သုံးခေတ်တွင် မျိုးချစ်စိတ်ဓာတ်ကို အခြေခံကာ နိုင်ငံတော်ကို ထူထောင်ခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှု၊ စီးပွားရေးကောင်းမွန်မှုနှင့် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းမှုများကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် လူ့ကျင့်ဝတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ခိုင်မာရင့်ကျက်သူများဖြစ်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းညီညွတ်မှုလည်း ရှိခဲ့ကြသည်။

ထိုခေတ်က နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ကိုပြုပြင်တည်ဆောက်ရာတွင်လည်းကောင်း၊စည်းလုံးညီညွတ်မှုတွင်လည်းကောင်း အံ့ဖွယ်ကောင်းအောင် စုစုစည်းစည်းရှိခဲ့ခြင်းသည် နိုင်ငံတော်အရေးနှင့် ကြုံလာလျှင် တစ်စိတ်တစ်ဝမ်းတည်း ရှိခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုများ၏ ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် ဖြစ်ပေသည်။

သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် မြန်မာတို့၏ အစဉ်အလာကောင်းများကို နိုင်ငံသားတိုင်းသိရှိရန် အရေးကြီးပေသည်။ အမျိုးကိုချစ်မြတ်နိုးရန်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးရန်နှင့် စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပေသည်။

မျက်မှောက်ကာလ၌ နိုင်ငံတော်သည် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးဖြစ်လာစေရန် တည်ဆောက်ပေးလျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ပေါ်ထွန်းလာစေရေး အရှိန်အဟုန်ဖြင့် နေ့မအား ညမနား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် တိုင်းရင်းသားများအတူတကွ စုစုစည်းစည်း ပါဝင်ကြရန် လိုအပ်ပေသည်။ တိုင်းရင်းသားအားလုံး စုစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားအားလုံးသည် မိမိနိုင်ငံတော်နှင့် မိမိနိုင်ငံတော် အကျိုးစီးပွား တိုးတက်ခိုင်မာဖြစ်ထွန်းနေစေရန် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ဥမကွဲသိုက်မပျက် စွမ်းအားပြည့် ကြိုးပမ်းသွားကြရမည်ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်ချင်းစီတွင် မျိုးချစ်စိတ်ဓာတ်ကိန်းအောင်းပြီး မြဲမြံခိုင်ကျည်သော ပြည်ထောင်စု စိတ်ဓာတ်ရှိနေကြပါလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုမဏ္ဍိုင်တို့သည် အသီးအပွင့်များအဖြစ် ပေါ်ထွန်းလာမည်သာဖြစ်သည်။ ထိုသို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတွင် အသိစိတ်ဓာတ်ရှိခြင်းမှသည် တိုင်းရင်းသား ညီအစ်ကိုတစ်ရပ်လုံးတွင် ပျံ့နှံ့ကိန်းအောင်းစေပါက နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတွင်လည်း စွမ်းအားကြီးမားလာမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖြစ်တည်လာမှုသမိုင်းကြောင်းကိုကြည့်ပါကမိသားစုသဘောကို အခြေခံထားသောလူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ပေါင်းစည်းယှက်နွယ်ပွားစီးလာခဲ့သည့် ပြည်ထောင်စုကြီးအဖြစ် တွေ့ရမည် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးနှင့်တစ်ဦး ခွဲခြားမရသည့် မိသားစုကြီးအဖြစ် အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် အစဉ်အမြဲ လက်တွဲရပ်တည်နေကြရန်မှာ သမိုင်းကပေးသော အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားနေရေးသည် အရေးကြီးပေသည်။

ထိုသို့ ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှု၊ အမျိုးသားအကျိုးစီးပွားအတွက် တိုင်းရင်းသားညီအစ်ကိုများ စိတ်တူကိုယ်တူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်ထောင်စုကြီးအတွင်း အစဉ်ထာဝရပေါင်းစည်းနေထိုင်သွားမည့်မိသားစုစိတ်ဓာတ်သည် ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များဖြစ်ပေရာ ယင်းစိတ်ဓာတ်များ ထာဝစဉ် ရှင်သန်နေစေရန်လည်း ကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပေသည်။

ထို့အပြင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ စာနာမှု၊ သည်းခံ ခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမမှုနှင့် အပြန်အလှန် မှီခိုအားထားယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ ဖြစ်ထွန်းပြီး ယင်းအခြေခံကောင်းများမှ ပေါ်ထွက်လာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေစေရမည်ဖြစ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ပြည်ထောင်စုအတွင်း နေထိုင်သွားလာကြရင်း ပထဝီအနေအထား၊ ရေ၊ မြေ၊ ရာသီဥတုတို့ ထင်ဟပ်မှုအရ ဘာသာစကား၊ ဓလေ့စရိုက်နှင့် အသုံးအဆောင်၊ ဝတ်စားဆင်ယင်မှုများ ကွဲပြားခြားနားသော်လည်း ပင်ကိုစိတ်ရင်းတွင် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုကဲ့သို့သော စိတ်ဓာတ်များ ကိန်းအောင်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွလက်တွဲဖော်ဆောင်နေကြခြင်းမှာလည်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံသည့် ပြည်ထောင်စု စိတ်ဓာတ်ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

ယင်းကဲ့သို့ သန့်စင်မွန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် ထာဝစဉ် ရှင်သန်ထွန်းကားရေးသည် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံးအတွက် အရေးကြီးသော သမိုင်းပေးတာဝန်ဖြစ်ပေရာ နိုင်ငံသားတစ်ဦးချင်းက အသိစိတ်ဓာတ်ရှိစွာ ကျင့်ကြံနေထိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ထို့အတူ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက တက်ညီလက်ညီ ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိပေသည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင်လည်း တိုင်းရင်းသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ပြည်ပရန်စွယ် အန္တရာယ်များကို အတူလက်တွဲ တွန်းလှန်တိုက်ဖျက်ခဲ့သည့် သာဓကပေါင်းများစွာ ရှိခဲ့ပြီးဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးတို့၏ ကျူးကျော်ရန်စမှုကို စုစည်းညီညွတ်စွာ တိုက်ဖျက်ခဲ့သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့မှာ ပြည်ထောင်စုကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့သော အမျိုးသားရေး အားမာန်များ ပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးကို ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီ နယ်ချဲ့လက်သစ်များသည် ပြည်ထောင်စုကြီး၏ အခြေခံ အုတ်မြစ်သဖွယ်ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိပြင်ဆင်ကာ သပ်လျှိုဖြိုခွဲလျက်ရှိသည်။ ထိုသို့သော ပြည်ထောင်စုကြီး ပြိုကွဲစေမည့် အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကာကွယ် တားဆီးသွားကြရမည်ဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲ၍ နိုင်ငံတော်အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသည့် သမိုင်းဖြစ်ရပ်များ အထင်အရှားရှိခဲ့ပြီးဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရေးအတွက် အထင်မှား၊ အမြင်မှား သံသယပွားစေပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကင်းမဲ့စေမည့် လုပ်ဆောင်မှုများကို ပြည်ပနိုင်ငံအချို့က ဖန်တီးလုပ်ဆောင်လျက်ရှိနေဆဲပင်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲမှားကာ တကွဲတပြားဖြစ်စေရေး၊ နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ဖြစ်ပေါ်စေရေး၊ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြားစေရေးတို့ကို သမိုင်းစဉ်တစ်လျှောက် တစိုက်မတ်မတ် ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့၏ သွေးခွဲသပ်လျှိုမှုကို ယုံမှားမိသူအချို့ကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ ကျော်အကြာအထိ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ထောင်စုကြီး ပြိုကွဲလုနီးဖြစ်ရပ်များနှင့် ခါးသီးစွာ တွေ့ကြုံခဲ့ရသည်ကို သတိချပ်ကြရမည်ဖြစ်ပါသည်။

ထိုသို့ သမိုင်းအတွေ့အကြုံများကို သင်ခန်းစာရယူကာ ယနေ့ပြည်ပနိုင်ငံအချို့က ကျင့်သုံးနေသည့် ကိုလိုနီ လက်သစ်ဝါဒကို အမျိုးသားရေးအသိစိတ်ဖြင့် မြင်တတ်အောင် ကြည့်ရှုပြီး ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယခုအခါ တိုင်းရင်းသားလူမျိုးအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန်အမှီသဟဲပြုမှုများအပြင် ယုံကြည်မှုများပါ နိုင်ငံတော်က တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် တိုင်းရင်းသားတို့၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ တိုးတက်မြင့်မားလာခဲ့သဖြင့် ပြည်ထောင်စု ပြိုကွဲမည့်အရေး ကိစ္စမှန်သမျှကို ကာကွယ်တားဆီးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်ဖြင့်အေးအတူပူအမျှ၊ သုခ၊ဒုက္ခများ မျှဝေခံစားပြီး ထာဝစဉ်မခွဲမခွာ ရာသက်ပန် လက်တွဲပူးပေါင်း နေထိုင်သွားကြရေးအတွက် တိုင်းရင်းသားအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ထာဝရကိန်းအောင်းရှင်သန်နေရန်လည်း ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထို့အတူ တိုင်းတစ်ပါး၏ဗိုလ်ကျစိုးမိုးမှု၊ ဩဇာလွှမ်းမိုးမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် လက်တွဲမဖြုတ်စတမ်း ရင်ဆိုင်တွန်းလှန်သွားကြရမည်ဖြစ်သည်။

ထိုသို့ အမျိုးမျိုးသော သွေးခွဲသပ်လျှိုမှုများပြုလုပ်၍ ပြည်ထောင်စုအင်အား ချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြခြင်းမှာ မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီအဖြစ် ကျွန်ဇာတ်သွင်းချင်နေသည့် ပြည်ပနိုင်ငံအချို့၏ ရပ်တည်ချက် သဘောထားများအဖြစ် သိမြင်သဘောပေါက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းအတွက် တိုင်းရင်းသား
ညီအစ်ကို မောင်နှမများအကြား ဖြ
ပဋိပက္ခများကိုချုပ်ငြိမ်းစေခဲ့ပြီး နိုင်ငံတ
ရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံသ
သာယာမှုအသီးအပွင့်များ အားရဖွယ်

ယခင်က တည်ငြိမ်အေးချမ်းမှုမ
ကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများမှာ
ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသကဲ့သို့
ရေး၊ မွေးမြူရေး စသည့် အခြေခံကော
သည် စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊သာ
စိတ်ဓာတ်တို့ကြောင့် ဖြစ်ပေသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ
နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေ
ချမှတ်အကောင်အထည်ဖော် ဆောင်
အောင်မြင်စေရန် နိုင်ငံတော်နှင့်အ
အတူတကွ လက်တွဲ၍ အရှိန်အဟုန်မြ

တစ်ဖန်အေးချမ်းသာယာပြီး
နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်
တော် ရှေ့ဆက်သွားမည့် မူဝါဒလ
တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းဖော်
ညီအစ်ကိုများအားလုံးက မိမိတို့ကျရာ
ထမ်းဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားလူမျ
အစဉ်အလာကောင်းများစောင့်ရှောက် ထိ
အတွင်း ရိုးရာယဉ်ကျေးမှုပေါင်းစည်းဆ
စေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)
ယခုအခါသည် ပြည်ထောင်စုဖွား တိုင်
သမိုင်းအစဉ်အလာကောင်းများနှင့်အ
နှီးကြားထက်သန်စွာ ကြိုးပမ်း စွမ်း
အချိန်အခါကောင်းဖြစ်ပါကြောင်း (၅၉
ကြိုဆို ဂုဏ်ပြုရေးသားလိုက်ရပါသည်

ပြည်ထောင်စုသာ

* ရာဇပလ္လင်၊ နန်းဥကင်နှင့်
အားအင်လက်ရုံး၊ မိုးသို့ချျ
ဟိုတုန်းကခေတ်၊ ပြန်တွေး
မျိုးချစ်အောင်လံ၊ ဝဲလွင့်ပျံ့
ရန်ဟူသမျှ၊ မြေခဦးကျိုး
ခြေသုတ်ကြိုးနယ်
ဝပ်လျှိုးတုပ်ပျပ်၊ ငြိမ်းချုပ်
သတ္တိအစွမ်း၊ အံ့မခန်းမျှ
တစ်ဝန်းကမ္ဘာ၊ ကျော်ခဲ့ပါ
မြန်မာဂုဏ်မြင့် ခဲ့သည်တ
* ထီးသုဉ်း နန်းသုဉ်း၊ မြို့လ
ရှုံးရအမှန်၊ သုဉ်း သုံးတန်
မှန်ကင်းအစစ်၊ ထင်းပင်ဖြ
ဖြစ်သည်ထင်းက၊ ဟုန်းဟု
မီးထလျှံတောက်၊ သူ့ကိုမြေ
မကြောက်ဘိသေး၊ လွတ်လ
ပေးလော့ခြောင်းခြောင်း၊
စုပေါင်းအားပြ၊ တိုက်ခိုက်
မြန်မာ့မြေအား၊ တိုင်းတစ်
ထိပါးမခံ၊ တပ်လှန့်သံနှင့်
တွန်းလှန်ရဲစွာ၊ အောင်ခဲ့ပါ
မြန်မာဂုဏ်တင့် ခဲ့သည်တ
* "ရာဇဝင်တစ်ခေတ်၊ သစ်ခဲ့
"သူ့ကျွန်အဖြစ်၊ နစ်ခဲ့ဖူးသ
"ဇာနည်မျိုးချစ်၊ စစ်ခဲ့ဖူးသ
ပြည်မြန်မာသား၊ ငါတို့က
မခြားမကွဲ၊ တစ်စိတ်ထဲပင်
ရဲရင့်အားမာန်၊ ခြသေ့်ဟန်
ဖြောင့်မှန်စည်းလုံး၊ ညီညွ
ကျင့်သုံးခိုင်ကြံ့၊ စိတ်နေခံ့
နိုင်ငံ့သိက္ခာ၊ နေသို့ဖြာလျှ
မြန်မာတို့၏ ဂုဏ်အရှိလျှင်
မိုးထိမြင့်တိုင် နိုင်လိမ့်တက

(၅၉)နှစ်မြောက် ပြည်ထောင်စု

ပြည်ထောင်စုသား ဒို့စွမ်းအား

*   ရာဇပလ္လင်၊ နန်းဥကင်နှင့်
အားအင်လက်ရုံး၊ မိုးသို့ချုန်းသည့်
ဟိုတုန်းကခေတ်၊ ပြန်တွေးစစ်သော်
မျိုးချစ်အောင်လံ၊ ဝံလွင့်ပုံ၍
ရန်ဟူသမျှ၊ မြေခဦးကျိုး
ခြေသုတ်ကြိုးနှယ်
ဝပ်လျှိုးတုပ်ပျပ်၊ ငြိမ်းချုပ်လတ်အောင်
သတ္တိအစွမ်း၊ အုံ့မခန်းမျှ
တစ်ဝန်းကမ္ဘာ၊ ကျော်ခဲ့ပါသည်
မြန်မာဂုဏ်မြင့် ခဲ့သည်တကား။

*   ထီးသုဉ်း နန်းသုဉ်း၊ မြို့လည်းသုဉ်း၍
ရှုံးရအမှန်၊ သုဉ်း သုံးတန်ဝယ်
မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်လျက်
မကြောက်ဘိသေး၊ လွတ်လပ်ရေးကို
ပေးလော့ခြောင်းခြောင်း၊ ငါတို့တောင်း၍
စုပေါင်းအားပြ၊ တိုက်ခိုက်ကြ၏
မြန်မာ့မြေအား၊ တိုင်းတစ်ပါးက
ထိပါးမခံ၊ တပ်လှန့်သံနှင့်
တွန်းလှန်ရဲစွာ၊ အောင်ခဲ့ပါသည်
မြန်မာဂုဏ်တင့် ခဲ့သည်တကား။

*   "ရာဇဝင်တစ်ခေတ်၊ သစ်ခဲ့ဖူးသည်"
"သူ့ကျွန်အဖြစ်၊ နစ်ခဲ့ဖူးသည်"
"ဇာနည်မျိုးချစ်၊ စစ်ခဲ့ဖူးသည်"
ပြည်မြန်မာသား၊ ငါတို့ကားလျှင်
မခြားမကွဲ၊ တစ်စိတ်ထဲပင်
ရဲရင့်အားမာန်၊ ခြသေ့်ဟန်သို့
ဖြောင့်မှန်စည်းလုံး၊ ညီညွတ်ထုံးဖြင့်
ကျင့်သုံးခိုင်ကြံ့၊ စိတ်နေခံ့သော်
နိုင်ငံ့သိက္ခာ၊ နေသို့ဖြာလျက်
မြန်မာတို့၏ ဂုဏ်အရှိလျှင်
မိုးထိမြင့်တိုင် ခိုင်လိမ့်တကား။   ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

စိုးမိုး(ပုသိမ်)

ညီအစ်ကို မောင်နှမများအကြား ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကိုချုပ်ငြိမ်းစေခဲ့ပြီး နိုင်ငံတစ်လွှားနယ်စပ်ဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံသည့် တည်ငြိမ်ခိုင်မာသောငြိမ်းချမ်းသာယာမှုအသီးအပွင့်များ အားရဖွယ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပေပြီ။

ယခင်က တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများမှာ ယခုအခါ မြို့ကြီးပြကြီးများအဖြစ် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသကဲ့သို့ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အခြေခံကောင်းများလည်း ဖြစ်ထွန်းလာခြင်းသည် စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊သာတူညီမျှမှုစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်တို့ကြောင့် ဖြစ်ပေသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ အတူတကွ လက်တွဲ၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေပေပြီ။

တစ်ဖန်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက် လာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းဖော်ဆောင်နေရာတွင် တိုင်းရင်းသားညီအစ်ကိုများအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့စရိုက်နှင့် အစဉ်အလာကောင်းများစောင့်ရှောက် ထိန်းသိမ်းနိုင်ရန်၊ ပြည်ထောင်စုကြီးအတွင်း ရိုးရာယဉ်ကျေးမှုပေါင်းစည်းဆက်နွှယ်ဖြစ်ထွန်းမှုများ ပိုမိုခိုင်မာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရင့်သန်စေရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စေရန်တို့အတွက် ယခုအခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးက သမိုင်းအစဉ်အလာကောင်းများနှင့်အညီ စည်းလုံးညီညွတ်မှု အားမာန်နိုးကြားထက်သန်စွာ ကြိုးပမ်း စွမ်းဆောင်ပေးရမည့် အခြေအနေ အချိန်အခါကောင်းဖြစ်ပါကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုရေးသားလိုက်ရပါသည်။   ။

လက်ဖက်စိုက်ခင်းများ

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ် ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့နယ်ရှိ လေ့ကားထစ် လက်ဖက်စိုက်ခင်းများကို ဤသို့ တွေ့ရသည်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချင်းပြည်နယ်

ချင်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အနောက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၃၉၀၇ မိုင် ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသား မျိုးနွယ်စုများနှင့် မြို (ခေါ်) ခမိ၊နာဂနှင့် ဗမာ စသည့် တိုင်းရင်းသားများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၅၁၄၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၃၇ ဦး ဖြစ်သည်။

တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှတောင်သို့သွယ်တန်းနေပြီး တောင်တန်းများအကြား၌ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများရှိသည်။ အမြင့်ဆုံးတောင်ထိပ်မှာ ပေ ၁၀၂၀၀ မြင့်သော ဝိတိုရိယ(ခေါ်) ခေါ် နဆုမ်တောင် ဖြစ်သည်။ မြစ်ချောင်းများစွာ စီးဆင်းနေပြီး မဏိပူရ်မြစ်သည် ပြည်နယ် မြောက်ပိုင်းကို ဖြတ်သန်းစီးဆင်းသည်။

ချင်း တိုင်းရင်းသားများအား တောင်ပေါ် တိုင်းရင်းသားများဟု ခေါ်ဆိုသော်လည်း မြေပြန့်နှင့် တစ်သားတည်း တည်ရှိသည်။ နိုင်ငံတော်ကတောင်ပေါ် မြေပြန့် မခွဲခြားဘဲတစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်လာသည်။

ပြည်ထောင်စု တစ်ဝန်းလုံး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိုင်းရင်းသား အချင်းချင်း ဆူကြိုနိမ့်မြင့် ကွာဟမှု နည်းနိုင်သမျှနည်းအောင် ဟန်ချက်ညီညီ မြှင့်တင်ပေးခြင်းဖြင့် တပ်မတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားမြင့်မားအောင် ဖော်ဆောင်ပေးလျက်ရှိသည်။

ဤသို့ ချင်းပြည်နယ်တွင် နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုကြောင့် ညီနောင်သွေးချင်းသားချင်းများနှင့်တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်မှုများအား လေ့လာကြည့်ရှုနိုင်ရန် အတွက် ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုး တိုးတက်မှုများကို ဖော်ပြပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။

မဏိပူရ်မြစ်ကူး ဗားရ်တံတား

ချင်းပြည်နယ်ရှိ တိုင်းရင်းသားတို့ လမ်းပန်းဆက်သွယ်သွားလာမှုလွယ်ကူစေရန် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ဖလမ်းမြို့နယ် ကလေး-ဟားခါးလမ်းပေါ်ရှိ မဏိပူရ်မြစ်ကူး ဗားရ်တံတားကို တွေ့ရစဉ်။



ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
- စိုက်ပျိုးမြေဧက	၂၀၉၆၂၅	၃၇၆၀၃၁	၁၆၆၄၀၆
- ဆည်မြောင်း၊တာတမံ	-	၂	၂
- မိုးစပါးစိုက်(ဧက)	၈၆၇၈၁	၁၂၀၀၀၂	၃၃၂၂၁
- နွေစပါးစိုက်(ဧက)	-	၂၀၅	၂၀၅
- ဆီထွက်သီးနှံစိုက်(ဧက)	၅၇၀၄	၂၂၉၈၃	၁၇၂၇၉
- ငါးမွေးမြူရေးကန်(ဧက)	၁၆	၈၆	၇၀
သစ်တောပြုစုပျိုးထောင်မှု			
- ကြိုးဝိုင်းတော(စတုရန်းမိုင်)	၆၀၅	၆၉၆	၉၁
- သစ်တောစိုက်ခင်း(ဧက)	၁၀၀၀	၂၅၆၇၀	၂၄၆၇၀
လမ်းပန်းဆက်သွယ်ရေး			
- ကားလမ်း(မိုင်)	၆၉၅	၁၀၆၂	၃၆၇
- ကတ္တရာလမ်း(မိုင်)	၄၀	၁၉၄	၁၅၄
- ကျောက်လမ်း(မိုင်)	၅	၂၇၈	၂၇၃
- ပေ ၁၈၀ အထက်တံတား	၂	၅	၃
- ပေ ၁၈၀ အောက်တံတား	၃၇	၄၇	၁၀
လျှပ်စစ်စွမ်းအား			
- ရေအားလျှပ်စစ်စက်ရုံ	၄	၁၀	၆
- ဓာတ်အားသုံးစွဲမှု ယူနစ်(သန်း)	၁.၅၅၂	၈.၆၀၁	၇.၀၄၉
ပညာရေး			
အခြေခံပညာအဆင့်			
မူလတန်းကျောင်း	၉၉၈	၁၀၅၇	၅၉
- အလယ်တန်းကျောင်း	၇၆	၈၆	၁၀
- အထက်တန်းကျောင်း	၁၇	၃၉	၂၂
- ဆရာ/ဆရာမဦးရေ	၂၉၈၂	၄၅၄၀	၁၅၅၈
- ကျောင်းသားဦးရေ	၆၂၆၆၀	၁၀၁၆၈၇	၃၉၀၂၇
အဆင့်မြင့်ပညာအဆင့်			
- တက္ကသိုလ်	-	၁	၁
- အစိုးရကွန်ပျူတာကောလိပ်	-	၁	၁
- အစိုးရနည်းပညာကောလိပ်	-	၁	၁
ကျန်းမာရေး			
- ဆေးရုံ	၁၈	၂၄	၆
- ကျန်းမာရေးဌာနများ	၆၆	၆၇	၁
ဆက်သွယ်ရေး			
- စာတိုက်စခန်း	၂၉	၄၅	၁၆
- ကြေးနန်းရုံး	၁၁	၂၂	၁၁
- တယ်လီဖုန်းရုံး	၈	၂၅	၁၇
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
- ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၃	၁၁	၈
- ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	-	၆၆၂	၆၆၂

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ပြတိုက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီး ဒွေးအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။   (သတင်းစဉ်)

ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် သဘာပတိအဖွဲ့ဝင်များ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီနှင့် ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်အလံ ရောက်ရှိခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ အလံတော်သယ်ယူရေးအဖွဲ့ နေရာယူခြင်း၊ အလံတော်သယ်ယူရေးအဖွဲ့ ပြန်လည်နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား ပြန်လည်သယ်ယူခြင်းနှင့် နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ ပြန်လည်ထွက်ခွာခြင်းတို့ကို အစီအစဉ်အတိုင်း ဝတ်စုံပြည့် အစမ်းလေ့ကျင့်ကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၅ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ စေတီတော်သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့်အောင်မြေတန်ဆောင်းတွင် ပန်းပုလုပ်ငန်းများ၌ အသုံးပြုရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ပင်းယ(၁၈)လမ်း၊ (၅)ရပ်ကွက် တောင်ဥက္ကလာပနေ ဦးဝင်းကြိုင်–ဒေါ်နွယ်နွယ်ဦး မိသားစုက ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့်ထံသို့ အလှူငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံပိုင်စက်ရုံနှစ်ရုံ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးက အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း၏ လှိုင်ကော် အမှတ် (၁) ကျောက်ပြားစက်ရုံခွဲ သီရိဒေါလမ်း ဒေါဥခူရပ်ကွက် လှိုင်ကော်မြို့ ကယားပြည်နယ် မြေဧရိယာ ၂ ဒသမ ၆၇၃ ဧက ကို ကြမ်းခင်းဈေး ငွေကျပ် ငါးဆယ့်ရှစ်သန်း သုံးသိန်းခြောက်သောင်း ရှစ်ထောင်ဖြင့်လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ သဃ်န်းကျွန်း အထည်စက်ရုံ အမှတ် (၁၅) အမှတ် ၂၀ ဦးဘဟန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ မြေဧရိယာ ၁ ဒသမ ၃၅၀ ဧကကို ကြမ်းခင်းဈေး ငွေကျပ် တစ်ရာခြောက်ဆယ့်ငါးသန်း ငါးသိန်းငါးသောင်းခုနစ်ထောင်ဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူ ပုဂ္ဂိုလ် / အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန အမှတ်–၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို မတ် ၁၆ ရက်တွင်သာ တစ်ရက်တည်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည် ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်ရာ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန အမှတ်–၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ဖုန်း–၂၄၅၅၀၆၊ ၂၄၅၅၁၆ နှင့် ၂၄၅၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ် ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုသုံးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှုသုံးမှုကို ကြားနာကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ နို့မှုန့်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန် ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသော မကျန်းမာသော ကလေးလူနာများ အာဟာရဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ Mo Asia Co., Ltd. Dumexမှ ငွေကျပ် ၈၆၀၄၀၀ တန်ဖိုးရှိ Dumex Instant Full Cream နို့မှုန့်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Co., Ltd. Dumexမှ National Nutrition မန်နေဂျာ ဒေါက်တာဒေါ်ဗြူတီကြည်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျပ် ရှစ်သိန်းခြောက်သောင်းလေးရာတန်ဖိုးရှိ နို့မှုန့်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က လက်ခံရယူသည်။ **(ဓါတ်ပုံ)**

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

အခမ်းအနားသို့ Mo Asia Co., Ltd. Dumexမှ တာဝန်ရှိသူများ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခ/ကထိက၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(ကလေးဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၂–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အကပြိုင်ပွဲ
၇:၅၅ ၆။ ဗိုလ်မြတ်ထွန်းတံတား
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Dorcemon"
၁:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး" (အပိုင်း–၃၀) (ဇာတ်သိမ်းပိုင်း)**
၁:၃၅ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁:၄၅ ၉။ **ရုပ်မြင်သံကြားဇာတ်လမ်း "စည်းလုံးခြင်းရဲ့အရသာ" (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)**
၂:၁၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၂၀ ၁၁။ အဆိုပြိုင်ပွဲ
၂:၂၅ ၁၂။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ စိန်ဂွက်ထော်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၂:၃၅ ၁၃။ အတီးပြိုင်ပွဲ
၂:၄၅ ၁၄။ International News.
၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အရေးပြိုင်ပွဲ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၅၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၀၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၇။ မြန်မာစာ မြန်မာစကား
၅:၂၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၄၅ ၉။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၅၅ ၁၀။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၁၅)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း–၉)**
၇:၃၅ ၁၄။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင်
၇:၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၂၁)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် တင်ဆက်မည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ အလုံလမ်းရှိ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားကျင်းပမည့် သမ္မတအိမ်တော်ဝင်းအတွင်းသို့ရောက်ရှိရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေးဝင်း၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိသည်များကို လည်းကောင်း၊ ညစာစားပွဲတွင် တင်ဆက်ကပြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့်အစမ်းကပြမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညပိုင်းတွင် သမ္မတအိမ်တော်ဝင်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ တတိယနေ့ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူး၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူ ပြည်သူများ၊ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြသထား

ပြပွဲတွင် ဗဟိုပြကွက်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့်အတူ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့်ပတ်သက်၍ မိန့်မှာချက်မှတ်တမ်းကို ပြသထားသည်။

ဝန်ကြီးဌာန ပြခန်းများအနက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပြခန်း၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့်အတူ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၁-၁၂-၀၅မှ ၂၆-၁၂-၀၅ ရက်အထိ အထက်မြန်မာပြည်ခရီးစဉ်ဓာတ်ပုံများ၊ နိုင်ငံတကာချစ်ကြည်မြန်မာပြည်၊ လက်တွဲဝန်းရံ အမျိုးသားညီလာခံ၊ စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့၊ ပြည်ထောင်စုစိတ်ထား အစဉ်တိုးပွား ဓာတ်ပုံများ၊ စွမ်းအားမြင့်မားကာတွန်းများ၊ ဖွံ့ဖြိုးသာယာပြည်မြန်မာ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။

ဖြေဆိုယှဉ်ပြိုင်

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကိုကျင်းပလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှု၊ Soft Guide Computer Co., Ltd. ၏ စီစဉ်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာ အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသ သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	–	**၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆**
အချိန်	–	**နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ**
နေရာ	–	**တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။**

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)



ဒလမြို့နယ် ပညာရေးမိသားစု အသင်း၏ မြို့နယ် ပညာရည် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၆ရက်က မြို့နယ် သီရိဇေယျာ အနော်ရထာခန်းမတွင် ကျင်းပရာအမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှစတုတ္ထတန်း ကျောင်းသူ မအေးချမ်းမြတ်မိုးအား သချ်ာ ထူး ချွန် ဆု ကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့် ချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၉း၂၅	တေးဂီတအစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်	၉း၃၀	ဆောင်းနံနက်ခင်းတစ်ခု၏ လျှို့ဝှက်သောနှင်း
၇း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ	၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း	၁၀း၁၀	တေးဂီတအစီအစဉ်
၇း၄၀	ပါရဂူရှန်တိနိကေတန်စာကြည့်တိုက်ဖွင့်ပွဲ	၁၀း၁၅	ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၈း၀၀	တေးဂီတအစီအစဉ်	၁၀း၂၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈း၀၅	မြန်မာ့အလှ ရေဆေးပန်းချီပြပွဲ	၁၀း၃၅	တေးဂီတအစီအစဉ်
၈း၃၀	မိုးလေဝသခန့်မှန်းချက်	၁၀း၄၀	Art & Technology Talk
၈း၃၅	အလှတွင်အယဉ်ဆင့် အမြင်တင့်ဖွယ်နည်းပညာ အသွယ်သွယ်	၁၁း၁၀	တေးဂီတအစီအစဉ်
၈း၅၀	တေးဂီတအစီအစဉ်	၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း	၁၁း၂၀	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ
၉း၀၀	တေးဂီတအစီအစဉ်	၁၁း၄၀	တေးဂီတအစီအစဉ်
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၄၅	ရှင်လန်းတက်ကြွမျိုးဆက်သစ်မော်ဒယ်လ်အလှ
၉း၁၀	ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း	၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅း၄၀	ပရီမီယာပွဲကြိုသုံးသပ်ချက် (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၆း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၁၀	Wigan-Liverpool	5-Sports(Live)
၉း၂၅	Arsenal-Bolton	5-Sports(Live)
	Middlesbrough-Chelsea	5-Movies(Live)
	Everton-Blackburns	5-Cartoons(Live)
၁၁း၃၀	Fulham-West Brom	5-Cartoons(SDD)
၁၁း၄၀	Protsmouth-Man:Utd	5-Sports(Live)
၂း၀၀	Final Score	5-Sports(SDD)



မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သဘာဝဓာတ်ငွေ့သုံးမီးစက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ ညနေပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိလာရာ ဌာနမှူး ဦးမင်းလွင်၊ ဒုတိယဌာနမှူး ဦးအောင်ခင်ဇံတို့က ကြိုဆိုကြပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ၂၂၀ကေဗွီအေဒီဇယ်သုံး မစ်ဆူဘီရှီမီးစက်အား သဘာဝ ဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲပြီး စတင်အသုံးပြုရန်အသင့်ဖြစ်နေသည်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေ့ပြောင်းကျောက်ခွဲစက် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ရွှေ့ပြောင်း ကျောက်ခွဲစက်သည် လမ်းသားမြှင့်တင်ခြင်း၊ လမ်းသစ်များတည်ဆောက်သည့်နေရာများသို့ အခက်အခဲမရှိ သယ်ဆောင်သွားနိုင်ပြီး ကျောက်ကြီးများကို အသုံးပြုလိုသည့် ကျောက်အရွယ်မျိုးစုံ ကြိတ်ခွဲနိုင်သည်။ လုပ်ငန်းခွင်အထိ အလွယ်တကူ သယ်ဆောင်သွားနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ စက်သုံးဆီ သက်သာခြင်းများအပြင် လုပ်ငန်းတွင်ကျယ်စေသည်။

ဆက်လက်၍ ကတ္တရာပုံးခွံများအား စည်ပင်သာယာလုပ်ငန်းများတွင် အသုံးပြုရန် အမိုးသွပ်ပြားအဖြစ် ဆောင်ရွက်နေသည့်စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)ပိုက်စက်ရုံတွင် ကြိုတင်အားဖြည့်ရေပိုက်များအဖြစ်အသုံးပြုရန် အချင်း ၂၄လက်မ၊ အရှည်ပေ ၂၀မိုများ ပြုလုပ်နေသည်ကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

အထက်ပါမိုတစ်လုံး၏ တန်ဖိုးသည် နိုင်ငံခြားမှ မှာယူတင်သွင်းပါက ဒေါ်လာသန်းဂဏန်း ကုန်ကျမည်ဖြစ်သော်လည်း ယခုစက်ရုံနှင့် မော်တော်ယာဉ်ဌာနက တီထွင်ကြံဆလုပ်ကိုင်သဖြင့် မိုတစ်လုံးလျှင် မြန်မာကျပ်ငွေ သိန်းအနည်းငယ်သာ ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ အချင်း ၁၆လက်မ၊ အချင်း ၃၆လက်မ၊ အချင်း ၅၆လက်မ၊ အချင်း ၆၆လက်မ မိုများကိုလည်း ဆက်လက်ထုတ်လုပ်သွားမည်ဟုသိရသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ၂၂၀ ကေဗွီအေဒီဇယ်သုံးမစ်ဆူဘီရှီ မီးစက်အား သဘာဝဓာတ်ငွေ့သုံး မီးစက်အဖြစ် ပြောင်းလဲတပ်ဆင် အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သုံးခွမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၏ သားသမီးများမှ(၂၀၀၄-၂၀၀၅)တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် စာပေ၊ အားကစား၊ ဂီတ၊ သဘင်၊ ရုပ်ရှင်တို့တွင်ထူးချွန်ဆုရရှိသူများနှင့်အသက်(၇၅)နှစ်အထက် အသင်းဝင်များ၏ အမည်စာရင်းကို အမှုဆောင်များထံ ကြိုတင်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်မြို့ နတ်မောက် စက်မှုလက်မှု အထက (၁)ကျောင်းသားဟောင်းများ၏ နဝမအကြိမ် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက်က ဗဟန်းမြို့နယ် ရွှေကျင်ဓမ္မာရုံ၌ကျင်းပရာ ကန်တော့ခံဆရာကြီးများအား တွေ့ရစဉ်။ (က-ပ)

ဗုဒ္ဓပူဇနိယပွဲကျင်းပ၊ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့ တောင်ပိုင်းနယ်မြေ ထားဝယ်ကမ်းရပ်၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်လေးပါးပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက ကျင်းပပြီး ညနေ ၃နာရီတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရာ မြိတ်မြို့ရှိ စာသင်တိုက်များမှ ပင့်သံဃာ ၁၃၉ပါးနှင့် သီလရှင် ၁၀ပါးတို့အား ငွေကျပ် ၁၀သိန်း ကျော်ဖိုး လောင်းလှူခဲ့ကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချပြီး အမျှပေးဝေခဲ့ကြသည်။ (က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက် နံနက်တွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များမှ နာယကနှင့်ဥက္ကဋ္ဌများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၏ ဇနီးများ စုစုပေါင်းအင်အား ၁၁၀ဦးတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက ရှင်းလင်းဆွေးနွေးသည်။ (ပြန်/ဆက်)

ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ-ခါနန် တောင်သူလယ်သမားသင်တန်းကျောင်း သင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ပြင်ဦးလွင် (ဒိုးကွင်)ရှိ မြန်မာ-ခါနန် တောင်သူလယ်သမားသင်တန်းကျောင်း၊ သင်တန်းခန်းမတွင်ကျင်းပရာ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းမှ ဆရာ/ဆရာမများ၊ သင်တန်းသားများတက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ **(အပေါ်ပုံ)** နှင့် ကျောင်းအုပ်ကြီး မစ္စတာကင်တို့က အမှာစကားပြောကြားကြသည်။

အမှတ်စဉ် (၁/၂၀၀၆) သင်တန်းတွင် အဓိကဘာသာရပ်အဖြစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၃၀ တက်ရောက်ကြသည်။ (လယ်ယာ/စိုက်ပျိုးရေး)

မန္တလေးမြို့ ဂရိတ်ဟိုတယ်၌ လူသတ်မှုဖြစ်ပွား တရားခံအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၉)လမ်း လမ်း(၈၀)နှင့် သံလမ်းအကြားရှိ ဂရိတ်ဟိုတယ်၌ ဖေဖော်ဝါရီ ၈ရက် နံနက် ၈နာရီခွဲ ခန့်တွင် လူသတ်မှုဖြစ်ပွားခဲ့ရာ တရားခံအား နာရီပိုင်းအတွင်းဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။ စုံစမ်းစစ်ဆေးချက်များအရ အသတ်ခံရသူမှာ ယင်းဟိုတယ်၌ တည်းခိုနေသူ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် နဝဒေးလမ်း အမှတ်(၂၄၆)နေ မအေးအေးသင်း (အဘ)ဦးမြစံဖြစ်ပြီး လူသတ်မှုကျူးလွန်သူမှာ မအေးအေးသင်းနှင့်အတူ တည်းခိုခဲ့သူ ဝမ်းတွင်းမြို့နယ် နတ်ကန်ရွာနေ ဝင်းမင်းအောင်(အသက်-၃၀)ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်သူလူထု၏ အကူအညီကို ရယူကာ တရားခံ ဝင်းမင်းအောင်(ခ) ဝင်းမြင့်အောင်(ခ) ပေါက်ပေါက်အား ယင်းနေ့ နံနက် ၁၀နာရီတွင် ရေစကြိုမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ ထွက်ဆိုချက်များအရ ၎င်းသည် ၂၀၀၁ခုနှစ်က ဖဲလောင်းကစားမှုဖြင့် ထောင်(၁)နှစ်ကျခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၇ရက် နံနက်တွင် ရေစကြိုမြို့နယ် စိုင်သေကျေးရွာမှ မန္တလေးမြို့သို့ လာရောက်ခဲ့ရာ မွန်းလွဲ ၂နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ ယင်းနောက် ယခင်က သိကျွမ်းဖူးသူ မအေးအေးသင်းအား ခေါ်၍ ည ၈နာရီကျော်ခန့်တွင် ဂရိတ်ဟိုတယ် အခန်းအမှတ် (၁၀၆)၌ တည်းခိုခဲ့ကြောင်း၊ သို့သော်လည်း မအေးအေးသင်းမှာ နံနက် ၃နာရီအချိန်အထိ စီဒီသီချင်းခွေဖွင့်ခိုင်းပြီး လိုက်ဆိုခြင်း၊ ပြင်ပသို့ဖုန်းဆက် နေခြင်းများကြောင့် စကားများရန်ဖြစ်ပြီး မအေးအေးသင်းအား သတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် မအေးအေးသင်းထံမှ ရွှေဆွဲကြိုးကို ယူဆောင်၍ နံနက် ၄နာရီခန့်တွင် ဂရိတ်ဟိုတယ်မှ ထွက်ခဲ့ကြောင်း၊ ယင်းနောက် သီရိမင်္ဂလာကားဂိတ်မှတစ်ဆင့် လိုင်းကားအဆင့်ဆင့်စီး၍ ပြန်လာစဉ် ရေစကြိုမြို့မှ စိုင်သေကျေးရွာသို့သွားသော လမ်းဆုံအရောက်၌ ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရခြင်းဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော် ဓာတ်ဇာရာမရဏ(ဒုက္ခသစ္စာကို မြင်အောင်ရှုရန်)**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -စံပြုထိုက်သူ (အပိုင်း-၁)**
- ၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ(အပိုင်း-၁၀)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **English Premier League ဘောလုံးပွဲ –Middlesbrough Vs °°°°°°Chelsea.**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲ(၂၀၀၆) အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုရ ကိုထင်အောင် (အင်းစိန်)၏ လူပုံ (ဆေးရောင်စုံကဏ္ဍ) ပထမဆုရ ဓာတ်ပုံကို တွေ့ရစဉ်။ (က-ပ)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ယနေ့ကမ္ဘာ့စွမ်းအင်အခြေအနေ

ယနေ့ကမ္ဘာတွင်လောင်စာစွမ်းအင်သုံးစွဲမှုသည် ထုတ်လုပ်နိုင်မှုထက် ပိုမိုမြင့်မားလျက်ရှိသည်။ ရေနံစိမ်းထုတ်လုပ်မှုအနေဖြင့် ၂၀၀၁ ခုနှစ်ကထက် ၈ ဒသမ ၃ ရာခိုင်နှုန်းပိုမိုထုတ်လုပ်ခဲ့သော်လည်း သုံးစွဲမှု၌ ၈ ဒသမ ၆ရာခိုင်နှုန်း ပိုမိုအသုံးပြုလာသောကြောင့် လောင်စာစွမ်းအင် လိုအပ်မှု၊ ရှားပါးမှုများကမ္ဘာနှင့်တစ်ဝန်းတွင်ဖြစ်ပေါ်လျက်ရှိနေသည်။ ရေနံထုတ်လုပ်ရောင်းချသောနိုင်ငံများသည် ရေနံကို လက်နက်တစ်ခုသဖွယ် အသုံးပြုတတ်ကြပြန်ရာ စွမ်းအင်အခြေအနေသည်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အခက်အခဲပြဿနာတစ်ရပ်အဖြစ် ပေါ်ပေါက်လျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်မှ အသီးများကိုတွေ့ရစဉ်။

နိုင်ငံတကာအဖြေရှာနေမှု

ရေနံသည် တစ်ချိန်သောကာလတွင် ကမ္ဘာမြေကြီး၌ ကုန်ခန်းတော့မည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။ ယနေ့ကမ္ဘာတွင် လောင်စာဆီဈေးနှုန်း သည် တစ်နေ့ထက်တစ်နေ့မြင့်တက်နေပြီး ရေနံစိမ်းတစ်ပီပါလျှင် အမေရိကန် ဒေါ်လာ ၆၃ ဒသမ ၈၂၊ ဒီဇယ်တစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅၉ ဈေးအထိရှိနေသည်။ ထို့ကြောင့် ရေနံအစားထိုးလောင်စာဆီသုံးစွဲနိုင်ရေး ကြိုးပမ်းလာကြသည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

နေရောင်ခြည်စွမ်းအင်ဖြင့် အစားထိုး အသုံးပြုနိုင်ရေး၊ နျူကလီးယားစွမ်းအင်ဖြင့် အစားထိုး အသုံးပြုနိုင်ရေး စသည်ဖြင့် စမ်းသပ်ဆောင်ရွက်လျက်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် နည်းပညာအခက်အခဲများရှိနေသေးသည်။ ဇီဝဒီဇယ်ဆီများ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံများစွာ၌ ကြိုးပမ်းကြဲဆလျက်ရှိရာ နိုင်ငံအလိုက်အောင်မြင်မှုအချို့လည်းရှိကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတွင် ခြံစည်းရိုးကြက်ဆူပင်မှ ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) ထုတ်လုပ်အသုံးပြုနိုင်မှုကို စမ်းသပ်လေ့လာတွေ့ရှိထားပြီး အောင်မြင်စွာ လက်တွေ့အစားထိုးအသုံးပြုနိုင်နေပြီဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပင်ဆိုသည်မှာ

ကြက်ဆူပင်မှာနှစ်မျိုးရှိသည်။ တစ်မျိုးမှာ Castor ဟုခေါ်ပြီး ကျန်တစ်မျိုးမှာခြံစည်းရိုးကြက်ဆူ Jatropha ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင်သည် ရော်ဘာနှင့်မျိုးရင်းတူသောနှစ်ရှည်ပင်ဖြစ်သည်။ အပူပိုင်းဒေသတွင် လွယ်လင့်တကူ ပေါက်ရောက်နိုင်သည်။ ပူပြင်းခြောက်သွေ့သော

စိုက်ပျိုးထားသည့် သက်တမ်းရင့် ခြံစည်းရိုးကြက်ဆူပင်များကို တွေ့ရစဉ်။

ဒေသများနှင့် စွတ်စိုသောသမပိုင်းဒေသများကို ပိုမိုကြိုက်နှစ်သက်သည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်သည်။ အကြမ်းခံ၍ကြီးထွားမှုမြန်ပြီး မြေပြန့်မှသည် အမြင့်ပေ ၅၀၀၀ ကျော်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

ခြံစည်းရိုးကြက်ဆူပင်မှ အစေ့ကိုကြိတ်၍ထွက်ရှိသော ကြက်ဆူဆီကို အဝတ်စ၊ သက္ကလတ်စများဖြင့် စစ်ပြီးမည်သို့မျှပြုပြင်ရန်၊ မည်သည့်အရာနှင့်မျှ ရောစပ်ရန်မလိုဘဲ ဒီဇယ်ဆီအစား စက်ကိရိယာအမျိုးမျိုးတွင် တိုက်ရိုက်ထည့်သွင်းအသုံးပြုနိုင်ကြောင်းကို မြန်မာနိုင်ငံ၌ အောင်မြင်စွာ စမ်းသပ်ဖော်ထုတ်တွေ့ရှိနေပြီဖြစ်သည်။ ။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်းနေဦးစံတင်-ဒေါ်ဝင်းဝင်းခင် မိသားစုက ဒဂုံမြို့နယ်၊ အမှတ် ၁၂၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ပြည်လမ်း ခြောက်မိုင်ခွဲနေ ဒေါ်သန်းရင် မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့ထံမှပေးစာ

စည်းကမ်းမဲ့ဆိုင်ကယ်များ အရေးယူပေးစေချင်

စာတည်းခင်ဗျား–

ပဲခူးမြို့တွင် ဆိုင်ကယ်များကို လိုင်စင်မရှိဘဲ မောင်းနှင်သူများ၊ ဆိုင်ကယ်ကို သုံးယောက် စီးနင်းသူများနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း မလိုက်နာဘဲ စည်းကမ်းမဲ့မောင်းနှင်နေသူများကြောင့် ဆိုင်ကယ်တိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ အန္တရာယ် ကင်းရှင်းစေရေးအတွက် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များကို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းလိုသူ

ခွေးလေခွေးလွင့်များရှင်းလင်းပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်ရှိ ဓမ္မိကဝတီလမ်းတွင် ခွေးလေခွေးလွင့်များ များပြားနေပါသည်။

ကလေး သူငယ်များနှင့် လမ်းသွားလမ်းလာများအတွက် အန္တရာယ်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ရေပုံမှန်ရရှိစေရန် ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မင်းရဲကျော်စွာ(၁)လမ်းတွင် ရေမလာသည်မှာ နှစ်လခန့်ကြာပြီဖြစ်ပါသည်။ သို့ပါ၍ ရေပုံမှန်ရရှိရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒလသား

အနံ့ဆိုးအမှိုက်ကန် ရှင်းလင်းဆောင်ရွက်ပြီး

၃၁-၁၂-၂၀၀၅ရက်နေ့ ကြေးမုံသတင်းစာပါ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ငါးခန်းတွဲ(၄)လမ်းထိပ်ရှိ "အနံ့ဆိုးအမှိုက်ကန် နေရာပြောင်းရွှေ့ပေးသင့်" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

လိုင်စင်မဲ့ အရက်ဆိုင် တားဆီးအရေးယူပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ဒူးယားတိုက်နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းတွင် လိုင်စင်မဲ့အရက်ဆိုင်တစ်ဆိုင်ရှိပါသည်။ ၎င်းဆိုင်မှ သောက်စားမူးယစ်သူများ၏ စည်းကမ်းမဲ့ အော်ဟစ်ဆူညံမှုများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ကျူးကျော် သားငါးဈေးသည်များ အရေးယူပေးပါ

စာတည်းရှင့်–

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြရတနာဈေးအပြင်ဘက်တွင် လိုင်စင်မဲ့ သားငါးဈေးသည်များ ကျူးကျော်ရောင်းချနေမှုများအား သက်ဆိုင်ရာမှ ဖယ်ရှားပေးခဲ့သော်လည်း ယခုအခါ ပြန်လည် ရောင်းချနေပါသည်။

သို့ပါ၍ မြရတနာဈေးအတွင်းရှိ တရားဝင် အခွန်အခများ ပေးဆောင်ရောင်းချနေသောဆိုင်ခန်းများ နစ်နာမှုမရှိစေရေးအတွက် အဆိုပါ ကျူးကျော်ဈေးသည်များအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်များ

ထီဈေးတင်ရောင်းချမှု ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား–

ကျွန်တော်သည် အောင်ဘာလေ ထီထိုးခြင်းကို ဝါသနာပါပြီး လစဉ် ကံစမ်းနေသူ ဖြစ်ပါသည်။ သို့ရာတွင် ထီဖြင့်စီးပွားရှာသူများက ထီများကို အတွဲလိုက် အမျိုးမျိုးပြင်ဆင်၍ နှစ်ဆခန့် ဈေးတင် ရောင်းချနေကြပါသည်။ သို့ပါ၍ ထီဝါသနာရှင်များ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ထီထိုးနိုင်ရေးအတွက် ဈေးနှုန်းတင် ရောင်းချနေခြင်းများအား စိစစ်ကြပ်မတ် ပေးပါရန် တင်ပြအပ်ပါသည်။

ထီဝါသနာအိုး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ပထမ ဒုတိယသမ္မတ မစ္စတာ ပါဗစ်၊ ဒါဗိုးဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* **အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး**
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ **စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်** တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စိန်ဖူးတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်စဉ်။

(သတင်းစဉ်)

အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင် မြသပိတ်၊ ရွှေကြာသက်နန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးသည်။

ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာ တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

ကြေးမုံ The Mirror

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

* *သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် မြန်မာတို့၏ အစဉ်အလာကောင်းများကို နိုင်ငံသားတိုင်း သိရှိရန် အရေးကြီးပေသည်။ အမျိုးကို ချစ်မြတ်နိုးရန်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးရန်နှင့် စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပေသည်။*

  မောင်မောင်မြင့်ဆွေ၏ **"သမိုင်းအစဉ်အလာကောင်းများ ဖြစ်ထွန်းခဲ့သော ပြည်ထောင်စုစိတ်ဓာတ်"**

  ဆောင်းပါး (စာမျက်နှာ-၈/၉)

* စိုးမိုး(ပုသိမ်)၏ **"ပြည်ထောင်စုသားဒို့စွမ်းအား"** ကဗျာ (စာမျက်နှာ-၉)
* **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချင်းပြည်နယ်**

  သတင်းဆောင်းပါး(စာမျက်နှာ-၉)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေး စီစဉ်ထားမှုနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိမှုများနှင့် ညစာစားပွဲတွင် တင်ဆက်မည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ ဝတ်စုံပြည့် အစမ်းကပြမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

ကြည့်ရှုစစ်ဆေး

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းအတွင်း၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ညစာစားပွဲ တည်ခင်းရေးအတွက် ခင်းကျင်းစီစဉ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)